
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန**

# အကြမ်းဖက်စစ်အုပ်စု၏ ၂၀၂၂ ခုနှစ် တစ်နှစ်တာအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အကျဉ်းချုပ် သုံးသပ်ချက် အစီအရင်ခံစာ[၁]

( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု လက်အောက်ခံတပ်ဖွဲ့များသည် လူ့အခွင့်အရေးချိုးဖောက်မှု အမြောက်အများကို ကျူးလွန်ကြပြီး နိုင်ငံတကာရာဇဝတ်မှုများဖြစ်သည့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုနှင့် လူမျိုးတုန်းသတ်ဖြတ်မှုများကို မြန်မာနိုင်ငံနေရာအနှံ့အပြား၌ ကျူးလွန်ခဲ့ကြပါသည်။ ထို့ကဲ့သို့ အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် အကျဉ်းချုပ် သုံးသပ်ချက်များအား အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန အနေဖြင့် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) - ND-Burma ၊ ညီမျှခြင်း မြန်မာ ၊ Spring Archive တို့နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။





---

[1] **Social Media monitoring and compiled by Spring Archive** မှ အချက်အလက်များအပေါ်အခြေခံ၍ လေ့လာ သုံးသပ်ပါသည်။

## လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးဖြစ်ခဲ့ရာ နေရာဒေသများ


အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံတပ်ဖွဲ့များ ချိုးဖောက်ကျူးလွန်မှု အများဆုံးဖြစ်ပွားခဲ့သည့်ဒေသမှာ "စစ်ကိုင်းတိုင်းဒေသကြီး" ဖြစ်ပြီး ချိုးဖောက်ကျူးလွန်မှုပေါင်း (၇၈၃) ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းဒေသကြီးက (၃၁၁) ကြိမ်ဖြင့် ဒုတိယမြောက်အများဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်ပွားခဲ့ရာ ဒေသဖြစ်ခဲ့ပါသည်။ စီးပွားရေးအချက်အခြာမြို့တော်ကြီးရှိသည့် ရန်ကုန်တိုင်းဒေသကြီးက (၁၇၁) ကြိမ်ဖြင့် တတိယမြောက် ဖြစ်ခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး**




**အကြမ်းဖက်စစ်အုပ်စုက** စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၃၈)မြို့နယ် ၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၇၈၃)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၃၀)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

**အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ**




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

**မကွေးတိုင်းဒေသကြီး**




**အကြမ်းဖက်စစ်အုပ်စုက** မကွေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၁၉)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၃၁၁)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများ တွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၂၃)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

**အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ**




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်


လူ့အခွင့်အရေးချိုးဖောက်မှု အများဆုံးဖြစ်ပွားခဲ့သည့် စစ်ကိုင်းဒေသကြီးထဲတွင် ကလေးမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင် အများဆုံးဖြစ်ခဲ့သည်။ ကလေးမြို့တွင် (၈၁) ကြိမ်၊ ခင်ဦးမြို့နယ်တွင် (၆၁) ကြိမ်နှင့် ယင်းမာပင်မြို့နယ်ထဲတွင် (၅၇) ကြိမ် အသီးသီး ဖြစ်ပွားခဲ့သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားပေါင်း (၃၀) ထိရှိခဲ့သည်။

ပြည်နယ်များထဲတွင် ရခိုင်ပြည်နယ်သည် လူ့အခွင့်အရေးချိုးဖောက်မှု (၁၃၈) ကြိမ်ဖြင့် အများဆုံးဖြစ်သည်။ ကျောက်တော်မြို့နယ်အတွင်း အများဆုံးဖြစ်ပွားခဲ့ပြီး (၂၄) ကြိမ်ရှိပြီး ရခိုင်ပြည်နယ်ထဲတွင် လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားပေါင်း (၁၈) မျိုးထိ အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ပါသည်။





Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## ကချင်ပြည်နယ်




**အကြမ်းဖက်စစ်အုပ်စုက** ကချင်ပြည်နယ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၁၃)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၉၃)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၂၃)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## ဧရာဝတီတိုင်းဒေသကြီး




**အကြမ်းဖက်စစ်အုပ်စုက** ဧရာဝတီတိုင်းဒေသကြီးတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၂၃)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု (၉၈)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၁၄)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## မန္တလေးတိုင်းဒေသကြီး




**အကြမ်းဖက်စစ်အုပ်စုက** မန္တလေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၃၀)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၁၄၆)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၂၂)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## ကရင်ပြည်နယ်




**အကြမ်းဖက်စစ်အုပ်စုက** ကရင်ပြည်နယ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၁၄)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၈၆)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၁၇)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ







## ပဲခူးတိုင်းဒေသကြီး




**အကြမ်းဖက်စစ်အုပ်စုက** ပဲခူးတိုင်းဒေသကြီးတွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၂၄)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု (၉၁)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၂၁)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ





## မွန်ပြည်နယ်





**အကြမ်းဖက်စစ်အုပ်စုက** မွန်ပြည်နယ်တွင် ဇူလိုင်လမှ ဒီဇင်ဘာလ အထိ မြို့နယ် (၉)မြို့နယ်၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု (၆၁)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၁၉)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။


### အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



## ရှမ်းပြည်နယ်

## အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ








**အကြမ်းဖက်စစ်အုပ်စုက** ရှမ်းပြည်နယ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၂၅)မြို့နယ် ၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု (၉၄)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၂၁)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## ချင်းပြည်နယ်

## အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ








**အကြမ်းဖက်စစ်အုပ်စုက** ချင်းပြည်နယ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၈)မြို့နယ် ၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု (၅၆)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များအရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၁၅)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## ကရင်နီပြည်နယ်

## အကြမ်းဖက်စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ






**အကြမ်းဖက်စစ်အုပ်စုက ကရင်နီပြည်နယ်တွင်** ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ မြို့နယ် (၈)မြို့နယ် ၌ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု (၅၉)ကြိမ် ပြုလုပ်ခဲ့သည်။ ဆိုရှယ် မီဒီယာများ၊ သတင်းမီဒီယာများတွင် ဖော်ပြချက်များ အရ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား ပေါင်း (၁၆)ခု အထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်


နေပြည်တော်

ဒီဇင်ဘာ ၁ ရက်နေ့တွင် နေပြည်တော် ၊လယ်ဝေးမြို့နယ်၌ ဖမ်းဆီးခံခဲ့ရတဲ့ CDM ကျောင်းသား ကိုဖုန်းမြတ်ကို **အကြမ်းဖက်စစ်အုပ်စုက** စစ်ကြောရေးတွင် ညှင်းပန်း နှိပ်စက်သတ်ဖြတ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

## အဖြစ်များဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများ

လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားရ ခွဲခြားဖော်ရလျှင် တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းမှုက အဖြစ်များဆုံးဖြစ်ပြီး အများပြည်သူပိုင် အိုးအိမ်အဆောက်အဦးနှင့် ပစ္စည်းများကို မီးရှို့ဖျက်ဆီးမှုက ဒုတိယ အဖြစ်များဆုံးဖြစ်သည်။ လက်နက်ကြီးဖြင့် အရပ်သားပြည်သူများ နေထိုင်ရာ နေရာဒေသများထဲသို့ ပစ်ခတ်တိုက်ခိုက်မှုက အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ တပ်ဖွဲ့များ တတိယအများဆုံး ကျူးလွန်ချိုးဖောက်မှုဖြစ်ပါသည်။




Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

ပြင်းထန်ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုအနေဖြင့်ဆိုလျှင် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားဆောင်ရွက်သူများ၊ ကျောင်းသားကျောင်းသူများ၊ အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု(စီဒီအမ်)တွင် ပါဝင်သည့်နိုင်ငံ့ဝန်ထမ်းများအား 'သေဒဏ်' ချမှတ် စီရင်မှုပင်ဖြစ်သည်။ ဒုတိယတစ်ခုမှာ အကြမ်းဖက်စစ်အုပ်စု၏ စစ်ကြောရေးစခန်းများထဲတွင် တရားလက်လွတ်သတ်ဖြတ်မှုဖြစ်ပြီး၊ တတိယအနေဖြင့် ကျေးလက်ဒေသများတွင် အရပ်သားများအား လူမဆန်စွာ ကိုယ်ခန္ဓာအစိတ်အပိုင်းများ အပိုင်းပိုင်းခုတ် သတ်ဖြတ်ပစ်ပြီး အလောင်းပါ ဖျောက်ဖျက်ပစ်ခြင်းတို့ ဖြစ်ပါသည်။

## အထွေထွေ သုံးသပ်ချက်

၂၀၂၂ ခုနှစ်အတွင်း အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များသည် မြေပြင်တွင် ကြည်းတပ်တစ်ခုတည်းဖြင့် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေး ပြည်သူ့ခုခံတော်လှန်စစ်ကို ဖိနှိပ်နှိမ်နင်းမှု မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် လေကြောင်းမှ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ ဂျက်တိုက်လေယာဉ်များဖြင့် သာလွန်အင်အားအသုံးပြု တိုက်ခိုက်မှုများ၊ မြေပြင်တွင်လည်း လက်နက်ကြီးပစ်ကူများဖြင့် ပူးတွဲစစ်ဆင်မှုကို သိသာထင်ရှားစွာ ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိသည်။ ထိုသို့ တိုက်ခိုက်ရာတွင် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်သည့်ကျေးရွာ၊ နေအိမ်နှင့် စာသင်ကျောင်းများကိုပါ အကြိမ်ကြိမ်ပစ်ခတ်ခြင်း ဖြစ်သည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကို ဒေသခံပြည်သူများမှ ထောက်ခံပံ့ပိုးမှုများ အင်တိုက်အားတိုက် ပြုလုပ်နေသည်ကို ဖျက်ဆီးဖြတ်တောက်လိုသည့် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်စစ်အုပ်စု ကျောထောက်နောက်ခံပြုထားသည့် ကြံ့ခိုင်ရေးပါတီဝင်များနှင့် မဘသအုပ်စုတို့မှတဆင့် 'ပျူစောထီး' ဆိုသည့် အကြမ်းဖက်ပြည်သူ့စစ်များဖွဲ့စည်း လက်နက်တပ်ဆင်ပေးခြင်း၊ ဒေသခံပြည်သူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များကိုပစ်မှတ်ထား သတ်ဖြတ်ခြင်း၊ စစ်အာဏာရှင်ဆန့်ကျင်ရေး တော်လှန်လှုပ်ရှားမှု အားကောင်းရာကျေးရွာများအား အကြမ်းဖက်စစ်အုပ်စု စစ်ကြောင်းများမှ ထပ်ခါတလဲ ဝင်ရောက်စီးနင်း မီးရှို့ဖျက်စီးခြင်းများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)
ND- Burma

**Spring Archive**

ညီမျှခြင်း မြန်မာ